ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကင်းထောက်ကျေးရွာနေ ဦးကျော်လှိုင်သည် ကင်းတောင်ကျေးရွာအုပ်စု၊ ထောင့်ချိုင်ကွင်း ၊ ကွင်းအမှတ် -၅၉ (ဃ) ၊ ဦးပိုင် -၅၅ ၊ လယ်ယာဧရိယာ (၆.၄၃) ဧကနှင့် တစ်ဆက်တည်းရှိသော ဦးကျော်လှိုင်အပိုင် နွားစားကျက်မြေ (၂.၅) ဧကကို(၁၉၉၆-၁၉၉)  က.ယ.က အဖွဲ့မှ သိမ်းယူကာ နှစ်ရှည်ပင်များစိုက်ပျိုးခဲ့ကာ နှစ်ရှည်စိုက်ပျိုးခြင်းလုပ်ငန်းသည် ယခုတိုင်အောင်မြင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လုပ်ငန်းအကောင်အထည် မဖော်နိုင်သော  သိမ်းဆည်းခံမြေယာများအား မူလပိုင်ရှင်လက်သို့ နိုင်ငံတော်မှ ပြန်လည်ပေးအပ်လျက်ရှိရာ ဖော်ပြမြေအား မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် အတွက် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ၊ မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားများ သမဂ္ဂများအဖွဲ့ချုပ်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ ၊ လယ်ယာမြေနှင့် အခြားမြေမျာ းသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် သို့ ဦးကျော်လှိုင်မှ တင်ပြထားသည်။